# Myanmar



Innovations for Poverty Action (IPA) သည်အကျိုးအမြတ်မယူသောလူထုအကျိုးပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ ဆင်းရဲမွဲတေမှု ပြဿနာရပ်များအတွက် ထိရောက်သောဖြေရှင်းမှုနည်းလမ်းများကိုရှာဖွေ၊ မြှင့်တင်အသုံးပြုလျက်ရှိသည့် သုတေသနနှင့် မူဝါဒ အထောက်အကူပြုဆိုင်ရာ အဖွဲ့အစည်းတစ်ခုလည်းဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးရှိ ဆင်းရဲမွဲတေမှုများအကြား ရှင်သန် ရုန်းကန်နေရသူများ၏ ဘဝအခြေအနေများကို မြှင့်တင်ပေးရန်အတွက်၊ ခိုင်လုံသော သက်သေအထောက်အထားများအပေါ်အခြေခံသည့် ဆင်းရဲမွဲတေမှု ပပျောက်ရေးနည်းလမ်းများကိုပုံစံရေးဆွဲ၊အကဲဖြတ်လေ့လာရာတွင်၊ ကျွမ်းကျင်ပညာရှင်များနှင့် မူဝါဒရေးရာဆုံးဖြတ်ချက်ချသူများအကြား အတူတကွ မိတ်ဖက်ပြု ဆောင်ရွက်လာနိုင်စေရေးကို IPA မှ အကောင်အထည်ဖော်ပေးလျက်ရှိပါသည်။ IPA အားစတင်တည်ထောင်ခဲ့သည့် ၂၀၀၂ ခုနစ်မှ စတင်က၊ ကျွမ်းကျင်အတတ်ပညာရှင်ပေါင်း ၆၀၀ ဦးကျော်နှင့် လက်တွဲကာနိုင်ငံပေါင်း (၅၁)နိုင်ငံအတွင်း အကဲဖြတ်လေ့လာဆန်းစစ်မှုစီမံကိန်းပေါင်း(၈၃၀) ခုကျော်ကိုကမကထပြု ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ IPA ရုံးကို ၂၀၁၅ ခုနစ်ကစတင် တည်ထောင်ခဲ့ပြီးလက်ရှိတွင် ငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေး၊ ငွေရေးကြေးရေးအလုံးစုံပါဝင်မှု (Financial Inclusion)၊ လူမှုဘဝကာကွယ်စောင့်ရှောက်ရေးနှင့် ကျန်းမာရေးကဏ္ဍများနှင့် သက်ဆိုင်သောသုသေတနများပြုလုပ်လျက်ရှိပါသည်။

## ခိုင်လုံသော သက်သေအထောက်အထားများ ပိုမိုရရှိရေး

မြန်မာနိုင်ငံတွင် IPA အနေဖြင့် အလေးပေးဆောင်ရွက်စရာ ကဏ္ဍများအတွက် အကဲဖြတ်လေ့လာဆန်းစစ်မှုများပြုလုပ်ရာတွင်၊ IPA ၏ နိုင်ငံတကာတွင်ကျင့်သုံးနေသော သုတေသနမူဝါဒစံနှုန်းများအတိုင်း လုပ်ဆောင်လျက်ရှိကာ သုတေသနစွမ်းရည် အခြေခံအုတ်မြစ်များကို ချမှတ်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ အတွင်းရှိ နိုင်ငံသားများ၏ ဘဝအခြေအနေပေါ်၌ အကျိုးသက်ရောက်လျက်ရှိသော နိစ္စဓူဝကဏ္ဍကိစ္စရပ်များအတွက် အလားအလာကောင်းမွန်သော အသေးစိတ်တွေ့ရှိချက်များကို ကျွန်ုပ်တို့၏ အောက်ဖော်ပြပါလုပ်ငန်းကဏ္ဍနမူနာများအတွင်း လေ့လာတွေ့ရှိနိုင်ပါသည်။

### ကျန်းမာရေးကဏ္ဍ ၊ လူမှုဘဝကာကွယ်စောင့်ရှောက်ရေး

**မိခင်များအတွက် အခြေအနေမခွဲခြား ငွေသားတိုက်ရိုက်ထောက်ပံ့ပေးခြင်းဖြင့် ၎င်းတို့၏ကလေးများ၏ အာဟာရအခြေအနေကို မြှင့်တင်ပေးနိုင်မလား။** မြန်မာနိုင်ငံသည် အာရှ–ပစိဖိတ်ဒေသအတွင်း ကလေးအရပ်ပုကြုံလှီမှု အမြင့်ဆုံးနှုန်းထားရှိသောနိုင်ငံများအတွင်း ပါဝင်နေပါသည်။ IPA အနေဖြင့် သုတေသနကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းကာ မိခင်များအား ငွေသားတိုက်ရိုက်ထောက်ပံ့မှုနှင့် ကလေးငယ်များ၏ ကျန်းမာပျော်ရွှင်ရေးဆိုင်ရာ အာဟာရတန်ဖိုးအချက်အလက်များ အသိပညာပေးခြင်းတို့၏ ထိရောက်အကျိုးရှိမှုကို အကဲဖြတ်လေ့လာလျက်ရှိပါသည်။ ထိုမျှသာမက သုတေသနကျွမ်းကျင်ပညာရှင်များသည် နိုင်ငံတော်အစိုးရပိုင် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် လက်ရှိလုပ်ကိုင်နေသော အသေးစားငွေကြေးစီမံခန့်ခွဲမှုလုပ်ငန်းများအကြား ငွေသားတိုက်ရိုက်ထောက်ပံ့မှုကို မည်သည့်အဖွဲ့အစည်းမှ ပိုမိုထိရောက်စွာ၊ ပို၍ကျယ်ပြန့်စွာ လုပ်ဆောင်ပေးသွားနိုင်မည်လဲဆိုတာကို အကဲဖြတ်လေ့လာ ဆန်းစစ်ပေးလျက်ရှိပါသည်။

### ကျန်းမာရေးကဏ္ဍ

**မိုဘိုင်းဖုန်းစနစ်အခြေပြု အသိပညာပေးခြင်းမျိုးမှ တစ်နှစ်အောက်ကလေး အသေအပျောက်နှုန်းကို လျှော့ချပေးနိုင်မလား။** အရှေ့တောင်အာရှနိုင်ငံများအတွင်း မြန်မာနိုင်ငံသည် နို့စို့အရွယ်ကလေးသေနှုန်းအများဆုံးဖြစ်သော နိုင်ငံတစ်ခုဖြစ်သည်။ ထိုပြဿနာကို လျှော့ချပေးရန်အတွက် မိုဘိုင်းဖုန်းစနစ်အခြေပြု အသိပညာပေးခြင်းသည် ကုန်ကျစရိတ်နှင့်အညီ ထိရောက်သောရလာဒ်များကို ပေးနိုင်မည့် နည်းလမ်းကောင်းတစ်သွယ်ဖြစ်လာနိုင်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဗဟုသုတနှင့် အလေ့အထများအပေါ် 'ကလေးမိခင်များအတွက် ကျန်းမာရေးပညာပေးရေး' ဖုန်း ဆော့ဖ်ဝဲ Application တစ်ခု၏ ထိရောက်အကျိုးရှိမှုကို IPA နှင့် Koe Koe Tech အဖွဲ့တို့ပူးပေါင်းကာ စမ်းသပ်လေ့လာနေသည့်အပြင်၊ လူမှုအသိုင်းအဝိုင်းကွန်ရက်များမှ ၎င်း Application ၏ ထိရောက်အကျိုးသက်ရောက်မှုကို လျော့ပါးသွားစေသည် သို့မဟုတ် ပိုမိုအကျိုးသက်ရောက်စေသည် စသည်တို့အပေါ်ကိုပါ ပူးတွဲလေ့လာမှုတစ်ခု ပြုလုပ်နေပါသည်။

### စွမ်းအင်

**မြန်မာနိုင်ငံအတွင်း မဟာဓာတ်အားလိုင်းနှင့် မဟာဓာတ်အားလိုင်းပြင်ပရှိ ဓာတ်အားလိုင်းများအား တန်းတူညီမျှစွာ သုံးစွဲခွင့်ရရှိရေး**

လျှပ်စစ်ဓာတ်အား လက်လှမ်းမီအသုံးပြုနိုင်မှုသည် ရပ်ရွာဒေသများအတွက် သိသာထင်ရှားလှသော စီးပွားရေးအကျိုးကျေးဇူးများ ယူဆောင်ပေးနိုင်မည်ဖြစ်သော်လည်း၊ မြောက်များစွာသော ကျေးလက်ဒေသများသို့ မဟာဓာတ်အားလိုင်းသွယ်တန်းမှုသည် ခက်ခဲ၍၊ ငွေကုန်ကြေးကျများကာ ယုံကြည်စိတ်ချရသောအနေအထားမျိုး မရှိသေးပါ။ ထို့ကြောင့် ပင်မဓာတ်အားလိုင်းမှ လျှပ်စစ်ကိုရရှိရန် ခက်ခဲသည့်ဒေသများတွင် (နေစွမ်းအင်သုံးအသေးစားဓာတ်အားလိုင်း) ဆိုလာမီနီဂရစ် ကဲ့သို့သော ''မဟာဓာတ်အားလိုင်းပြင်ပရှိ'' စွမ်းအင်စနစ်သည် စွမ်းအင်သုံးစွဲနိုင်ခွင့် ပိုမိုလက်လှမ်းမီလာစေရန် အခြားနည်းလမ်းတစ်မျိုး ဖြစ်လာနိုင်ပါသည်။ သို့ပါသော်လည်း ၎င်းစွမ်းအင်စနစ်မျိုး၏ အကျိုးရလဒ်၊ အထူးသဖြင့် အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုများ အကြောင်းကို အနည်းအကျဉ်းသာ သိရှိထားသေးသည်။ သို့ဖြစ်ပါ၍ IPA အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ အိမ်ထောင်စုများ၏ စွမ်းအင်သုံးစွဲပုံနှင့် ၊ ဆိုလာမီနီဂရစ်စွမ်းအင်၏ အိမ်ထောင်စုများ၊ စီးပွားရေးလုပ်ငန်းများ၊ ရပ်ရွာအတွင်း ဝန်ဆောင်မှုပေးသည့်ဌာနများအပေါ် အကျိုးသက်ရောက်မှုများကို သုတေသနပညာရှင်များနှင့် ပူးပေါင်းကာ သုတေသနပြုလုပ်လျက်ရှိပါသည်။

---

**IPA MYANMAR**

IPA မြန်မာသည် 2015 မှစတင်ကာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။

**အလေးပေးလက္ခဏာများ**

စိုက်ပျိုးရေး၊ ငွေရေးကြေးရေး အလုံးစုံပါဝင်မှု (Financial Inclusion) ကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ ကျန်းမာရေး၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး၊ အ သေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ လူမှုဘဝကာကွယ်စောင့် ရှောက်ရေးကဏ္ဍ

**သုတေသနလုပ်ငန်းအစီအစဉ်များ**

သုတေသနလုပ်ငန်းအစီအစဉ် (၅)ခု ပြီးမြောက်ခဲ့ပြီး လက်ရှိတွင် လုပ်ငန်းစဉ် (၁၂)ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**ပင်မ မိတ်ဖက်အဖွဲ့အစည်းများ**

Duke University, Government of Myanmar, Harvard University, International Growth Centre, Joint Peace Fund, Koe Koe Tech, The Livelihoods and Food Security Fund (LIFT), London School of Economics and Political Science, Myanmar Nurses and Midwives Association, Namati, Population Services International, Save the Children International, University of Sydney.

**ပင်မ သုတေသန ကျွမ်းကျင်ပညာရှင်များ**

Erica Field (Duke University), Nathan Fiala (University of Connecticut), Ipsita Das (Duke University), Le Viet Phu (Fulbright University Vietnam), Leonardo Arriola (University of California, Berkeley), Aila Matanock (University of California, Berkeley), Amit Khandelwal (Columbia University), Rocco Macchiavello (London School of Economics and Political Science), David Atkin (Massachusetts Institute of Technology), Meredith Startz (Stanford University), Vandana Sharma (Harvard University), Russell Toth (University of Sydney)

## ပိုမိုကောင်းမွန်သော စီမံကိန်းများနှင့် မူဝါဒများ

သန်းပေါင်းများစွာသောလူများ၏ ဘဝအခြေအနေများ တိုးတက်မြင့်မားကောင်းမွန်လာစေရန် IPA ၏ အကဲဖြတ်မှုသုတေသန အထောက်အထားများမှ စွမ်းဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုလက်ရှိအချိန်၌ ဆယ်စုနှစ်ကာလ (၂)ခုအတွင်း လေ့လာ၊ ဖော်ထုတ်၊ တွေ့ရှိခဲ့သော ခိုင်မာတိကျလှသည့် သုတေသနအထောက်အထားများကို ပိုမိုကောင်းမွန်သောစီမံကိန်းနှင့် မူဝါဒများအဖြစ် ပြောင်းလဲပေးသွားရန်၊ ကျွန်ုပ်တို့၏ စီမံကိန်းများအတွင်း အစိုးရနှင့်တကွ မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြင့်မားစွာ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

### လူမှုဘဝကာကွယ်စောင့်ရှောက်ရေး

**IPA မှ Landesa အဖွဲ့နှင့် ပူးပေါင်းကာ အချက်အလက်နှင့်တစ်ကွ သက်သေအထောက်အထားများအပေါ် မူတည်ဆုံးဖြတ်ထားသည့် မြေယာခွဲဝေရေး လုပ်ငန်းအစီအစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိမြေယာမဲ့ အိမ်ထောင်စုများကို လေ့လာလျက်ရှိပါသည်။**

မြန်မာနိုင်ငံတော် အစိုးရသည် ထိခိုက်လွယ်သောအုပ်စုများ၏ မြေယာအသုံးပြုလုပ်ပိုင်ခွင့်ရရှိရေးကို မြှင့်တင်ဖော်ဆောင်ပေးရန်အတွက် အကြီးစားမြေယာခွဲဝေရေးမူဝါဒမှတဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးလျက်ရှိပါသည်။ သုတေသနနှင့် ပံ့ပိုးထောက်ပံ့မှု အဖွဲ့အစည်းတစ်ခုဖြစ်သော Landesa အဖွဲ့သည် မြေယာအခွင့်အရေးများအားခိုင်မာအားကောင်းလာစေမည့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးနှင့် ကျား/မရေးရာဂျန်ဒါထည့်သွင်းစဉ်းစားမှုရှိသော တရားဥပဒေ၊ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုဆောင်ရွက်လျက်ရှိပါသည်။ Landesaအနေဖြင့် နိုင်ငံအတွင်း၌ ပိုမိုလုံခြုံပြီး၊ တန်းတူညီမျှမှုရှိသော မြေယာအခွင့်အရေးများအားပံ့ပိုးဖော်ဆောင်ပေးရန် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ မြစ်ဝကျွန်းပေါ်ဒေသများအတွင်း မြေယာလုပ်ပိုင်ခွင့်ခိုင်မာလုံခြုံမှု/မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့် နာမည်ပေါက် အထောက်အထားဆိုင်ရာအတားအဆီးများ၊ (မြေယာဆိုင်ရာ) ကျား/မရေးရာတန်းတူမညီမျှမှုများ၏ နောက်ခံအကြောင်းအရာများစသည့် သတင်းအချက်အလက် လိုအပ်ချက်များကို၊ စေ့စပ်သေချာသောအရည်အသွေးနှင့် အချက်အလက်ဆိုင်ရာကိန်းဂဏန်းကောက်ယူမှုများမှတဆင့် IPA မှ ရှာဖွေဖော် ထုတ်ပေးလျက်ရှိပါသည်။ ရရှိလာသောရလဒ်များကိုတန်းတူညီမျှမှုရှိပြီး၊ အားလုံးပါဝင်သော မြေယာခွဲဝေရေးမူဝါဒနှင့် စီမံကိန်းများ ဖော်ဆောင်ရေးအတွက် အထောက်အကူဖြစ်စေရန် မြန်မာနိုင်ငံတော်အစိုးရထံသို့ ဖြန့်ဖြူးဝေငှထားပြီးဖြစ်ပါသည်။

### ငြိမ်းချမ်းရေး နှင့် ပြန်လည်ထူထောင်ရေး

**မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် နားလည်သဘောပေါက်မှုနှင့် အသိအမြင်ဗဟုသုတတို့ကို တိုင်းတာခြင်း**

အားလုံးပါဝင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခု ဖော်ဆောင်ရေးအတွက် အဓိကခြေလှမ်းမှာ ပါဝင်သူအားလုံး၏ အသိပညာဗဟုသုတ၊ သဘောထားအမြင်နှင့် မျှော်လင့်ချက်များအား သိရှိနားလည်နိုင်ရန်ဖြစ်သည်။ အလှူရှင်များ၏ ရံပုံငွေများကို စုပေါင်းဖွဲ့စည်းထားသည့် ငြိမ်းချမ်းရေးပူးပေါင်းရံပုံငွေ (JPF) အဖွဲ့မှ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ငွေကြေး၊ နည်းပညာနှင့် အကြံဉာဏ်ပံ့ပိုးမှုများ ပေးအပ်လျက်ရှိပါသည်။ JPF မှ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပြည်သူများ၏ အသိအမြင် ဗဟုသုတနှင့် နားလည်သဘောပေါက်မှုများအကြောင်းကိုလေ့လာရန် IPA နှင့် မြန်မာစစ်တမ်းသုတေသန (MSR) တို့နှင့် ပူးပေါင်းကာ အရည်အသွေးနှင့် အရေအတွက်စံထားသုတေသနအချက်အလက်များအား ကောက်ယူလျက်ရှိပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း လူထုပါဝင်မှု ပိုမိုတိုးတက်လာစေရန်ကိုရည်မှန်းလျက်၊ လုပ်ငန်းစဉ်အတွင်း ပါဝင်လုပ်ဆောင်နေသူများအား ရရှိလာသောအချက်အလက်များအား ဖြန့်ဝေပေးသွားမည်ဖြစ်ပါသည်။



## ကျွန်ုပ်တို့၏အနာဂါတ်

IPA Myanmar သည် နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများအတွက် သက်သေအထောက်အထားအခြေပြု သုတေသနအချက်အလက်များပေးအပ်ရာ အဖွဲ့တစ်ခု ဖြစ်လာနေပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းကဏ္ဍများအား မြန်မာနိုင်ငံအတွင်း ဆက်လက်ချဲ့ထွင်သွားရာ၌ အောက်ပါအချက်နှစ်ချက်ကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည် –

» **အရည်အသွေးမြင့်မားသော သုတေသနရှာဖွေတွေ့ရှိချက်များပေးအပ်ရာ အဖွဲ့အစည်းပင်ရင်းတစ်ခုအနေဖြင့် ရပ်တည်နေလျက်ရှိသော IPA ၏ ရပ်တည်မှုကို ဆက်လက်ကျင့်သုံးသွားရန်။** အရည်အသွေးမြင့်မားသော အကဲဖြတ်လေ့လာမှုစစ်တမ်းများ ပြုလုပ်ဆောင်ရွက်ရာတွင် ကျွမ်းကျင်ပိုင်နိုင်မှုရှိသော ကျွန်ုပ်တို့၏ စွမ်းရည်များကို မြန်မာနိုင်ငံသို့ ဆက်လက်ယူဆောင်လာလျက်ရှိပြီး၊ မြန်မာနိုင်ငံ၏ ကဏ္ဍအမျိုးမျိုး၌ တိကျခိုင်မာသော သုတေသနအကဲဖြတ်လေ့လာမှုများကို လုပ်ဆောင်လျက်ရှိပါသည်။ ရရှိလာသော သက်သေအထောက်အထားများသည် ဆုံးဖြတ်ချက်ချသူများအတွက် တိကျသေချာ၊ အဓိပ္ပါယ်ရှိသော ရလာဒ်များဖြစ်ပေါ်စေရေးအတွက်၊ သုတေသန နည်းလမ်းပုံစံများရေးဆွဲရာ၊ ဖော်ထုတ်ရာတွင် IPA အနေဖြင့် နားလည်တတ်ကျွမ်းသော နိုင်ငံတော်အစိုးရနှင့် ပညာရှင်မိတ်ဘက်များနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

» **ဆင်းရဲမွဲတေသူများအား ကူညီထောက်ပံ့ရေးအတွက် ဆုံးဖြတ်ချက်ချသူများနှင့် မိတ်ဘက်ပြုဆောင်ရွက်ခြင်း။** မည်သို့သော ဆုံးဖြတ်ချက်ချမှုမျိုးအတွက် မည်ကဲ့သို့သော အထောက်အထား အချက်အလက်များ လိုအပ်သည်၊ မည်ကဲ့သို့သော သက်သေအထောက်အထားများမှာ တိကျသောအထောက်အထားများဖြစ်သည်၊ သက်သေအထောက်အထားများမှ စီမံကိန်းနှင့် မူဝါဒများအား လမ်းညွှန်ပေးရန် မည်ကဲ့သို့အသုံးပြုရမည် စသည်တို့အား ပေါ်လစီမူဝါဒရေးဆွဲသူများအတွက် ပို့ချပေးအပ်သွားနိုင်ရန်အလို့ငှာ၊ IPA အနေဖြင့် Abdul Latif Jameel Poverty Action Lab (J-PAL) နှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ သုတေသန သက်သေအထောက်အထားများမှ ဒေသတွင်းရှိ ပေါ်လစီမူဝါဒဆိုင်ရာ အခြေအနေများနှင့် ပိုမိုကိုက်ညီမှုရှိစေရန်နှင့် ဒေသတွင်းရှိ အသိပညာရှင်များအနေဖြင့် ၎င်းတို့၏အရည်အချင်း / စွမ်းဆောင်ရည်များကို တည်ဆောက် လက်တွေ့အသုံးချမှုများ ပြုလုပ်လာနိုင်စေရန်အလို့ငှာ၊ ကျွန်ုပ်တို့အနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမှ သုတေသနပညာရှင်များနှင့် ပူးပေါင်းလုပ်ဆောင်သွားရန် ကြိုးပမ်းနေလျက်ရှိပါသည်။ IPA အနေဖြင့် ဆုံးဖြတ်ချက်ချမည့်သူများမှ သက်သေအထောက်အထားများကို အသုံးချရာတွင်လည်း ပိုမိုထိရောက်စွာ အသုံးပြုသွားနိုင်စေရန် ပံ့ပိုးမြှင့်တင်ပေးမှုများကိုလည်း ပေးအပ်လျက်ရှိပါသည်။

**ခိုင်မာတိကျသော သက်သေအထောက်အထားများဖြင့်၊ ဆင်းရဲမွဲတေမှုကိုလျှော့ချကာ၊** ကောင်းမွန်သောကမ္ဘာကြီးကို တည်ဆောက်ကြပါစို့

ဆက်သွယ်ရန်အီးမေးလ် **info-myanmar@poverty-action.org** Visit **www.poverty-action.org/myanmar**